အသင်တို့သည် ပညာရှင်များအပေါ် ဂုဏ်ဖော်ရန်၊

ပညာမဲ့များနှင့် ငြင်းခုံရန်၊

ဂျာဗိရ်ဗင်န် အဗ်ဒုလ္လာဟ်(ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အသင်တို့သည်
ပညာရှင်များအပေါ် ဂုဏ်ဖော်ရန်၊ ပညာမဲ့များနှင့် ငြင်းခုံရန်၊
ထိုင်ဝိုင်းများတွင် ဦးစားပေးခံရရန် ရည်ရွယ်ချက်ဖြင့် သာသနာ့ပညာအား
မသင်ယူကြလေနှင့်။ မည်သူမဆို ဤကဲ့သို့ (ရည်ရွယ်ချက်ဖြင့်)သင်ယူခဲ့ပါက ငရဲမီးသို့
ကျရောက်ရမည်။ ငရဲမီးသို့ ကျရောက်ရမည်။ [صحيح] [رواه ابن ماجه]

ပညာရှင်များအပေါ် ဂုဏ်ဖော်ကြွားဝါးရန်၊ ကျွန်ုပ်သည်လည်း အသင်တို့ကဲ့သို့ပညာရှင်တစ်ဦးပင်ဖြစ်သည်ဟုပြသရန် သို့မဟုတ် အသိပညာနည်းပါးသူများ၊ ပညာမဲ့များနှင့်အငြင်းအခုံပြုရန် သို့မဟုတ် ထိုင်ဝိုင်းများတွင် ဦးစားပေးခံရရန်၊ အခြားသူများထက်ရှေ့တန်းတင်ခံရရန် စသည့်ရည်ရွယ်ချက်မျိုးဖြင့် ပညာသင်ယူဆည်းပူးခြင်းမပြုရန်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က သတိပေးတားမြစ်တော်မူခဲ့သည်။ မည်သူမဆိုထိုရည်ရွယ်ချက်မျိုးထားခဲ့လျှင် ပညာသင်ယူဆည်းပူးခြင်းသည်အလ္လာဟ်အရှင်မြတ်နှစ်သက်ရန်အတွက် မဟုတ်ဘဲ ပြစားရန်အတွက်ဖြစ်သွားသောကြောင့်ဂျဟန္နမ်ငရဲမီးနှင့်သာထိုက်တန်သွားမည်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/65047